မောင်တေဇာဟန်နှင့် မမေဇင်စိုးတို့အတွက် မင်္ဂလာစကား

# ပြောဖြစ်ခဲ့မယ်ဆိုရင်

အရှင်ဉာဏိကာဘိဝံသ



ရပ်ဆွေရပ်မျိုး ရင်းနှီးတဲ့ ဒကာမိသားစုရဲ့ သမီးကြီး မင်္ဂလာဆွမ်းကျွေးပွဲမှာ မိခင်ဖြစ်သူက အရှင်ဘုရားလည်း ကလေးတွေအတွက် မင်္ဂလာဩဝါဒစကား မိန့်ကြားပါဦးလို့ ဆွမ်းအလှူရေစက်ချအခမ်းအနား မစမီမှာ လျှောက်ကြားပါတယ်။ အလွန်ရင်းနှီးလို့ ခုလိုလျှောက်ကြားတာပါ။ သို့ပေမယ့် အစဉ်အလာအရ သံဃာတော်တွေမှာက သိက္ခာကြီးတဲ့ သံဃာတော်၊ ဒါမှမဟုတ် သိက္ခာကြီးသူက တာဝန်ပေးတဲ့ သံဃာတစ်ပါးပါးကသာ တရားဟော ရေစက်ချ လုပ်လေ့ရှိတာလေ။ ဒါမှ မဟုတ်လည်း သက်ဆိုင်ရာ နေရာဌာနရဲ့ တာဝန်အရှိဆုံး ဆရာတော် တစ်ပါးပါးကသာ ဒီတာဝန်မျိုးကို ယူလေ့ရှိတာ။ ဒီလိုမှ မဟုတ်ပဲ ကိုယ်ကိုယ်တိုင်က သိက္ခာဝါကြီးသူကြားမှာ တပည့်တော်လည်း အနည်းအကျဉ်းပြောပါရစေဆိုပြီး အစီအစဉ်ကို ကြားဖြတ်ပြောလို့က သင့်တာမျိုးမှ မဟုတ်တာ။ ဒါက အစဉ်အလာ ယဉ်ကျေးမှုအရ မသင့်တဲ့အရာမျိုး။

ဒီတော့ လျှောက်ထားတဲ့ ဒကာမကြီးကို ဩဝါဒစကားကို ဆရာတော်ချီးမြှင့်ပါလိမ့်မယ်လို့ ပြောဖြစ်ခဲ့တယ်။ သို့ပေမယ့် ပြောစေချင်တဲ့စကားကို ပြောမပေးဖြစ်ခဲ့တာအတွက် တစ်ခုခု လိုသွားသလို ခံစားမိပါတယ်။ ဒါကြောင့် ရင်းနှီးသူတွေမို့ ပြောစေချင်ခဲ့တဲ့၊ မပြောဖြစ်ခဲ့တဲ့ ဩဝါဒစကားကို ဒီစာနဲ့ပဲ ပြောလိုက်ပါတယ်။ ခုလိုပြောလိုက်တာက အရှည်သဖြင့် မှတ်မှတ်ရရ ပိုကျန်သွားတာပေါ့လည်း ထင်မိပါတယ်။ အမှတ်တရ၊ ထာဝရ မင်္ဂလာလက်ဆောင်ကောင်း ဖြစ်နိုင်လိမ့်မယ်လို့လည်း ထင်မိပါတယ်။ ဖြစ်နိုင်ပါစေကြောင်းလည်း ဆုတောင်းပေးလိုက်ပါတယ်။

တကယ်လို့သာ ဒီမနက်မှာ မင်္ဂလာဩဝါဒစကားပြောရမယ်ဆိုရင် ဘာကိုများပြောဖြစ်ခဲ့လေမလဲလို့ ပြန်စဉ်းစားကြည့်မိပါတယ်။ ဒီလိုစဉ်းစားကြည့်မိတော့ နံနက်စောစောပိုင်းက ပုံပြင်လေးတစ်ပုဒ် ဖတ်ဖြစ်တာကို သတိရမိပါတယ်။ ဒီဖတ်ဖြစ်ခဲ့တဲ့ ပုံပြင်လေးကို အခြေခံပြီး စာတစ်ပုဒ်ရေးဦးမယ်လို့လည်း ဖတ်နေရင်း စိတ်ကူးဖြစ်မိတယ်။ ဒါကြောင့် တကယ်လို့သာ ဩဝါဒစကား ပြောရမယ်ဆိုရင် ဖတ်ခဲ့သမျှထဲမှာ သူကအလတ်ဆတ်ဆုံး ဖြစ်နေလို့ ဒီပုံပြင်လေးကတော့ ပြောဖြစ်တဲ့အထဲမှာ ပါဝင်မှာ သေချာတယ်လို့ ပြန်လည်တွေးမိပါတယ်။

ပုံပြင်လေးက ဒီလိုပါ။ သူတော်စင်တစ်ဦး ဘုရားသခင်နဲ့ စကားပြောခွင့်ရပါတယ်။ ဒီအခိုက် သူသိပ်သိချင်လွန်းတဲ့ မေးခွန်းတစ်ခုကို သူတော်စင်က ဘုရားသခင်ကို မေးပါတယ်။ ဒီမေးခွန်းကို သူကမေးချင်နေခဲ့တာ ကြာပါပြီ။

ဒါက အရေးကြီးတဲ့ မေးခွန်း။ လူတော်တော်များများလည်း သိချင်နေတဲ့ မေးခွန်းပါ။ နေ့စဉ်နဲ့အမျှ ဒီအကြောင်းအရာကို ပြောနေကြ၊ ကြားနေရပေမယ့် ဘယ်သူမှ ဒီအကြောင်းအရာကို တိတိကျကျ သိသူတော့လည်း မရှိပါဘူး။ သူတော်စင်ကိုယ်တိုင်လည်း အထပ်ထပ်အခါခါ ဒီအကြောင်းအရာကို သူ့တပည့်တပန်းတွေကို ပြောကြားနေပေမယ့်လည်း ဒီအကြောင်းအရာကို တိတိကျကျတော့ မသိပါဘူး။ ဒါကြောင့် ဘုရားရှင်နဲ့တွေ့ခိုက် သူက ဒီမေးခွန်းကို မေးခဲ့တာပါ။ သူသိချင်တဲ့ မေးခွန်းက "ကောင်းကင်ဘုံနဲ့ ငရဲဘယ်လို ကွာခြားသလဲ"ဆိုတာကိုပါ။

သာမန်ဆိုရင် ဒီမေးခွန်းရဲ့ အဖြေက လွယ်လွယ်လေးလို့ ထင်စရာရှိတာကြောင့် သိသလိုထင်ရပေမယ့်လည်း အဖြေကို တိတိကျကျ ပိုင်ပိုင်နိုင်နိုင်သိသူကိုတော့ သူတော်စင်ကြီးက မတွေ့ခဲ့ဖူးပါဘူး။ ကောင်းကင်ဘုံနဲ့ ငရဲဘုံကို တိတိကျကျသိတဲ့သူကို တွေ့ဖူးသလားလို့ မှန်ကြည့်တဲ့အခါတိုင်း သူ့ရုပ်ပုံကို သူကြည့်ပြီးလည်း အခါခါ မေးကြည့်ဖူးပါတယ်။ ဒါပေမယ့် ဒီအဖြေကို တိတိကျကျ ဖြေနိုင်တဲ့သူကိုတော့ မှန်ထဲမှာတောင်မှပဲ မတွေ့မိသေးဘူးလို့ပဲ အဖြေထွက်ပါတယ်။ ဒါကြောင့် ဘုရားသခင်နဲ့တွေ့ရခိုက် သူက ဒီမေးခွန်းကို မေးခဲ့တာပါ။

ဘုရားသခင်က သူတော်စင်ကြီးကို တံခါးနှစ်ပေါက်ရှိတဲ့ အဆောင်တစ်ခုရှိရာကို ခေါ်သွားပါတယ်။ မထမ တံခါးကိုဖွင့်ပြီး အခန်းတွင်းမှာရှိနေတဲ့ အရာတွေကို ပြပါတယ်။ အခန်းကြီးရဲ့အလယ်မှာတော့ ခမ်းနားကြီးကျယ်တဲ့ စားပွဲကြီးတစ်လုံး။ စားပွဲကြီးရဲ့ အလယ်တည့်တည့်မှာတော့ အရောင်အဆင်း အနံ့အရသာနဲ့ ပြည့်စုံတဲ့ စားချင့်စဖွယ် ဟင်းအိုးကြီးတစ်လုံးကို တင်ထားပါတယ်။ အငွေ့တွေကလည်း တထောင်းထောင်းနဲ့ဆိုတော့ သူတော်စင်ကြီးမှာ ဝင်ရောက်စားချင်စိတ်တွေတောင် ဖြစ်မိတယ်တဲ့။ သွားရည်များတောင် ကျလုမတတ်ဖြစ်မိရပါတယ်တဲ့။

စားပွဲဘေးမှာတော့ အလွန်တရာပိန်လှီပြီး လူနာရုပ်ပေါက်နေသူတွေက ဝိုင်းဖွဲ့ကာ ထိုင်နေကြပါတယ်။ အရယ်အပြုံးလည်း မရှိ။ တစ်ဦးအပေါ်တစ်ဦးလည်း အလိုမကျဟန်။ သူတို့ကိုမြင်ရရုံနဲ့ပဲ ဒီလူတွေဟာ အင်မတန်ဆာလောင်မွတ်သိပ်နေတယ်ဆိုတာ သိနိုင်ပါတယ်တဲ့။ သူတို့အားလုံးရဲ့လက်ထဲမှာတော့ အလွန်ကြီးမားပြီး လက်နဲ့မတန်လောက်အောင် ရှည်လျားလှတဲ့ ဇွန်းကြီးတွေကိုလည်း ကိုယ်စီကိုင်လို့။ ဒီဇွန်းကြီးတွေနဲ့ စားပွယ်အလယ်မှာရှိတဲ့ အိုးထဲကဟင်းတွေကို ဇွန်းနဲ့အပြည့် လှန်းခပ်နိုင်တာကြောင့် သူတို့အသီးသီးရဲ့ ဇွန်းတွေထဲမှာတော့ ဟင်းတုံးတွေက အလျှံအမောက်။ သို့ပေမယ့် ဇွန်းရိုးကြီးတွေက အလွန်ရှည်လွန်းတာကြောင့် သူတို့ပါးစပ်ထဲကို ဇွန်းထဲကဟင်းတွေကို ပြန်လည်သွတ်သွင်းဖို့တော့ မတတ်နိုင်ဖြစ်နေကြပါတယ်။ ခုလို အလွန်ဆာလောင်မွတ်သိပ်ခိုက်မှာ ခုလောက်အဆင်းအနံ့ကောင်းပြီး အရသာနဲ့ပြည့်စုံမယ့် ဟင်းတွေကို မြင်နေရပြီး လက်ထဲမှာ ဇွန်းတွေကိုယ်စီရှိကြပါလျက်ကယ်နဲ့ စားမရနိုင်ဖြစ်နေကြတာအတွက် ပိုလို့ပင် အခံရခက်နေကြပုံကိုလည်း မြင်ရပါတယ်တဲ့။

သူတော်စင်ကြီးခမျာ ဒီဆင်းရဲသားတွေရဲ့ဖြစ်အင်ကိုကြည့်ပြီး စိတ်မသက်သာဖြစ်မိသလို အားမလိုအာမရလည်း ဖြစ်မိပါတယ်တဲ့။ အလွန်မှလည်း တုန်လှုပ်ချောက်ချားဖြစ်မိပါတယ်တဲ့။ ဒီတော့ ဘုရားသခင်က ကဲဘယ်လိုလဲ ငရဲကို မြင်ပြီမဟုတ်လားလို့ သူတော်စင်ကြီးကို မေးပါတယ်တဲ့။

နောက်ပြီး တခြားတစ်ဖက်မှာရှိတဲ့ တံခါးပေါက်ကိုလည်း ဖွင့်ပြလိုက်ပါတယ်။ ဒီအခန်းတွင်းမှာလည်း အရင်အခန်းထဲကအတိုင်း စားပွဲကြီးတစ်လုံးမှာ လူတွေဝိုင်းထိုင်နေတယ်။ စားပွဲပေါ်မှာလည်း စောစောကလိုပဲ အနံ့အရသာနဲ့ပြည့်စုံတဲ့ ဟင်းအိုးကြီးတစ်လုံး တင်လို့ပါပဲ။ ထိုင်နေသူတွေရဲ့လက်ထဲမှာလည်း ဇွန်းရှည်ကြီးတွေကို

ကိုယ်စီကိုင်ထားလို့။ ဒါပေမယ့် ဒီအခန်းထဲက လူတွေကတော့ စိုစိုပြည်ပြည် ဝဝဖြိုးဖြိုးနဲ့ ကျန်းမာရေးလည်း ကောင်းကြတဲ့ပုံ။ နောက်ပြီးတစ်ဦးနဲ့တစ်ဦးလည်း ရယ်ရယ်မောမော ပြောပြောဆိုဆိုနဲ့။ သူတို့အသီးသီးမှာရှိနေတဲ့ အပျော်က သူတော်စင်ကြီးဆီကိုတောင် ကူးစက်လာသလို ခံစားရတယ်။

ဒီတော့ ဘုရားသခင်က သူတော်စင်ကြီးကို "ခု ကောင်းကင်ဘုံဆိုတာ ဘာလဲဆိုတာ သိပြီမဟုတ်လား"လို့ မေးလိုက်ပါတယ်။ ဒီတော့ သူတော်စင်ကြီးက အင်း ကောင်းကောင်းနားမလည်ပါဘူး။ ဘာကိုဆိုလိုတာလဲ၊ ရှင်းပြဦး ဘုရားသခင်လို့ ပြန်ပြောပါတယ်။

ဒီတော့ ဘုရားသခင်က အဖြေက ရှင်းရှင်းလေးပါလေ။ ခုလို ပြဿနာကို ဖြေရှင်းဖို့ အသိဉာဏ်လိုပါတယ်။ အသိဉာဏ်ရှိရင် ဒီလိုပြဿနာမျိုးကို ဘယ်လိုဖြေရှင်းရမယ်ဆိုတာ သိနိုင်ပါတယ်။ ဒုတိယအခန်းတွင်းမှာရှိနေသူတွေက တစ်ယောက်ကိုတစ်ယောက် အပြန်ပြန်အလှန်လှန် ခွံ့ကျွေးရင် ဒီပြဿနာကို ဖြေရှင်းနိုင်တာဆိုတာကို သူတို့နားလည်ပါတယ်။ ဒါက အသိဉာဏ်ပညာရဲ့လက္ခဏာလေ။ ဒါကြောင့်သူတို့က ကိုယ်စားဖို့ချည်းသာ မကြည့်ပဲ သူများကို ဘယ်လိုခွံ့ကျွေးရမယ်ဆိုတာကို စဉ်းစားပါတယ်။ ကိုယ်က သူများကိုခွံ့ကျွေးတော့ အခြားသူများကလည်း ကိုယ့်ကိုယ်ပြန်လည်ခွံ့ကျွေးလိုက်ကြပါတယ်။ ဒါဟာ တစ်ဦးအပေါ်ထားတဲ့ မေတ္တာနဲ့ အကြင်နာတရားရဲ့ လက္ခဏာပဲပေါ့။ ဒီတော့ သူတို့တွေက အပြန်ပြန်အလှန်လှန်ခွံ့ကျွေးကြတော့ အားလုံးစားနိုင်ကြတာပေါ့။ နောက်ပြီး တစ်ဦးအပေါ်ကြင်နာစိတ်၊ညှာတာစိတ်ကြောင့် အချင်းချင်း ချစ်ခင်စိတ်တွေလည်း တိုးလာတာပေါ့။ ချစ်ခင်ကြင်နာသူတွေ အတူတကွ ပျော်ပျော်ရွှင်ရွှင်နေထိုင်ကြတဲ့နေရာဟာ လောကရဲ့ချမ်းသာသုခတွေနဲ့ ပြည့်လျှမ်းနေတဲ့နေရာပဲပေါ့။ ကောင်းကင်ဘုံဆိုတာက အသိဉာဏ်ရှိသူတွေ၊ မေတ္တာအကြင်နာ ကြွယ်ဝသူတို့ရဲ့ နေရာပဲလေ။

အဲတစ်ဖက်အခန်းထဲကသူတွေကတော့ ပြဿနာကို ဘယ်လိုဖြေရှင်းရမယ်ဆိုတာကိုလည်း စဉ်းစားနိုင်တဲ့အသိဉာဏ် သူတို့မှာ မရှိဘူး။ နောက်ပြီး အခြားသူတွေကို ခွံ့ကျွေးဖို့ထက် ကိုယ်စားဖို့သက်သက်ကိုသာ စဉ်းစားတဲ့သူတွေဖြစ်တယ်။ ဒါဟာ လောဘရဲ့လက္ခဏာ၊ အတ္တရဲ့ သင်္ကေတတွေပေါ့။ ကိုယ့်ဖို့ချည်းသာ ကြည့်လွန်းနေသူတွေ၊ လောဘကြီးလွန်းသူတွေဆိုတာ အမှန်လမ်းကို ရှာဖွေဖို့ မေ့နေတတ်ပါတယ်။ လိုချင်လောဘတွေ များတဲ့နေရာ၊ အတ္တမာန်မာနတွေ ထူပြောတဲ့နေရာမျိုးဆိုတာ ဘယ်မှာ နေပျော်စရာနေရာမျိုး ဖြစ်ပါ့မလဲ။

လောကထဲမှာ ကိုယ့်ဖို့ကိုယ်သာ စဉ်းစားတဲ့သူတွေများလာရင် ပထမအခန်းထဲကသူတွေလို မြင်ရလျက် မကြင်ရတဲ့ အဖြစ်မျိုးတွေ၊ တွေ့ရလျက် မခင်နိုင်တဲ့ အဖြစ်မျိုးတွေ အများကြီး ဖြစ်လာမှာမို့ လောကကြီးက နေပျော်ဖွယ် လောကကြီး ဖြစ်တော့မှာ မဟုတ်ပါဘူး။ မမြင်နိုင်သေးတဲ့ ကောင်းကင်ဘုံတွေ ငရဲဘုံတွေထက် မြင်နိုင်တဲ့ ကောင်းကင်ဘုံတွေ ပိုကျယ်လာအောင်၊ ငရဲဘုံတွေ ပိုငယ်လာအောင်၊ ပျောက်ဆုံးသွားအောင် လုပ်လျင်ကိုပဲ ဘဝက တော်တော်လည်း အဓိပ္ပါယ်ရှိလာပါပြီ။

ခုလို လင်ရယ် မယားရယ်လို့ဖြစ်လာတော့ တစိမ်းပြင်ပြင်တွေကနေ လောကထဲမှာ အရင်းနီးဆုံးသူတွေ ဖြစ်လာကြပြီ။ နှစ်ကိုယ်တစ်ကိုယ် ဖြစ်လာကြပြီ။ အနာဂတ်အတွက် လှပတဲ့မျှော်လင့်ချက်တွေနဲ့ ဘဝပုံစံတစ်ခုကို အတူလက်တွဲထူထောင်ကြမယ်ဆိုတဲ့ စိတ်ကူးတွေလည်း ရှိကြမှာပါ။ အောင်မြင်တဲ့၊ ချမ်းမြေ့ပျော်ရွှင်တဲ့ မိသားစုတစ်ခုကို တည်ဆောက်ကြမယ်ဆိုတဲ့ ရည်ရွယ်ချက်တွေလည်း ရှိကြမှာပါ။ ဒီတော့ ချမ်းသာအောင်မြင်တဲ့ မိသားစုတစ်ခုဖြစ်ချင်တယ်ဆိုရင် အဓိက ဘယ်လိုစိတ်ဓာတ်မျိုးမွေးမြူဖို့လိုသလဲ ဆိုရင်တော့ ကိုယ့်ဖို့ ကိုယ့်အတွက်ဆို

တဲ့ စိတ်ကိုဖျောက်ပြီး သူ့ဖို့သူ့အတွက်ဆိုတဲ့ စိတ်ထားမွေးမြူကြဖို့ လိုပါလိမ့်မယ်။ ဒါဟာ လူ့အဖွဲ့အစည်း၊ မိသားစု အသိုက်အမြုံတစ်ခုအတွက် အကောင်းဆုံးလိုအပ်ချက် ဖြစ်ပါလိမ့်မယ်။ နှစ်ကိုယ့်တစ်ကိုယ်တင်မက နှစ်ကိုယ့်တစ်စိတ်ဖြစ်တဲ့အထိပါ ကြိုးစားကြဖို့လိုပါလိမ့်မယ်။ သူနဲ့ကိုယ်ဟာ မကွဲမပြားတစ်သားတည်းပါပဲဆိုတဲ့ အသိမျိုးထားနိုင်ကြမယ်ဆိုလျှင်တော့ ဘယ်မှာလာ အချင်းချင်းအပေါ်မှာ နားမလည်နိုင်တာမျိုး၊ မစာနာတာမျိုး ရှိပါတော့မလဲ။ အဆင်မပြေ၊ မသင့်မတင့်တာမျိုးရယ်လို့လဲ ရှိနိုင်ပါတော့မလဲ။

ဘဝတစ်ခုရယ်လို့ တည်ဆောက်ကြရင် အခက်အခဲဆိုတာ အနည်းနဲ့အများတော့ တွေ့ကြမှာပါ။ ဘယ်လိုအခက်အခဲနဲ့ပဲ ကြုံရကြုံရ၊ ဘယ်လိုဖြေရှင်းရမယ်ဆိုတဲ့ အသိဉာဏ်စွမ်းအားသာရှိမယ်ဆိုရင် ဒီအခက်အခဲကို ကျော်ဖြတ်နိုင်မှာ အမှန်ပါပဲ။အချင်းချင်း အပြန်ပြန်အလှန်လှန် ညှာတာမှုတွေ၊ စာနာနားလည်မှုတွေသာရှိရင် ဘယ်လိုအခက်အခဲကိုမဆို အေးအေးချမ်းချမ်းနဲ့ အတူတကွ လက်တွဲလို့ ဖြေရှင်းနိုင်မှာပါပဲ။

ပုံပြင်လေးကတော့ ကောင်းကင်ဘုံနဲ့ ငရဲဘာကွာသလဲဆိုတာကို ခွဲခြားပြခဲ့ပါတယ်။ ဒီပုံပြင်လေးဟာ ချမ်းသာနဲ့ဆင်းရဲ၊ ကောင်းခြင်းနဲ့ မကောင်းခြင်း၊ စာနာမှုနဲ့ မစာနာမှု၊ ကြင်နာမှုနဲ့ ရက်စက်ခြင်း၊ တစ်ကိုယ်ကောင်းသမားနဲ့ အများကောင်းကျိုးကိုကြည့်သူရယ်လို့ အဖြူနဲ့အမဲ၊ အကောင်းနဲ့အဆိုးစတဲ့ အခြားသောဆန့်ကျင်ဖက်အရာတွေကိုလည်း ပြောပြနိုင်တယ်လို့ ကိုယ်ကတော့ ထင်မိပါတယ်။ ဒါကြောင့် မင်္ဂလာ မောင်မယ်တို့လည်း တကယ့်ချမ်းသာပျော်ရွှင်တဲ့ ဘဝကို ပိုင်ဆိုင်လိုတယ်ဆိုရင်ဖြင့် ကိုယ့်အတွက်ဆိုတဲ့စိတ်ထား ဖယ်ရှားပြီး သူ့အတွက်ဆိုတဲ့စိတ်ထားလေးကိုသာ အပြန်အလှန် ထားသွားကြမယ်ဆိုရင်တော့ ပျော်ရွှင်စရာ ငြိမ်းချမ်းတဲ့အိမ်ထောင်တစ်ခုကို အမှန်ပင် တည်ဆောက်နိုင်ပါလိမ့်မယ်ရယ်လို့ မင်္ဂလာလက်ဆောင်စကား အမှတ်တရ ပါးချင်ပါတယ်။ အားလုံးဝမ်းမြောက်ပျော်ရွှင်နိုင်ကြပါစေသားလို့လည်း ထပ်ဆင့်ကာ ဆုတောင်းပေးလိုက်ပါတယ်။ ။